# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၄၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၈၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးကတင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၂) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁၂ ရက်၊

(၃) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၅ ရက်၊

(၄) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၅) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၆) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၈ ရက်၊

(၇) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၈) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၅ ရက်၊

(၉) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၁၀) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၁၁) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၁၂) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၁၃) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၁၄) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၁၅) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၃ ရက်၊

(၁၆) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၃ ရက်၊

(၁၇) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၁၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၅ ရက်၊

(၁၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၂၀) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၂၁) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက်၊

(၂၂) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၅ ရက်၊

(၂၃) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၂၄) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၂၅) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၅ ရက်၊

(၂၆) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၂၇) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၂၈) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၂၉) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၁ ရက်၊

(၃၀) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၂ ရက်၊

**မူကြမ်း**

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၅ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၅ ရက်၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတက်ထွန်း ခွင့် ၅ ရက်၊

(၃၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း ခွင့် ၅ ရက်၊

(၃၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်း ခွင့် ၁ ရက်၊

(၃၆) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၅ ရက်၊

(၃၇) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၃၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၃၉) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်၊

(၄၀) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၄၁) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက်၊

(၄၂) ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း ခွင့် ၁ ရက်၊

(၄၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၂ ရက်နှင့်

(၄၄) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**ပေါတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ သက္ကယ်သောင်ကျေးရွာအုပ်စုအပိုင် ရေလယ်ခုံ(သဲခုံကြီး)တွင် ကျော်လွှမ်းမိုးနှင့် ညီအစ်ကိုများကုမ္ပဏီမှ ငါး၊ ပုစွန်၊ ဂဏန်းမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကိစ္စ စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်း ဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ငပုတောမြို့နယ်၊ သက္ကယ်သောင်ကျေးရွာအုပ်စုအပိုင် ရေလယ်ခုံကြီးကိစ္စနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ရေလယ်ခုံကြီးဆိုတာက နာဂစ်မုန်တိုင်းမတိုက်မီက သက္ကယ်သောင်ရဲ့ရပ်ကွက်တစ်ခုဖြစ်ပါတယ်။ ဘုန်းကြီးကျောင်းလည်းရှိပါတယ်။ စာသင်ကျောင်း လည်းရှိပါတယ်။ နာဂစ်မုန်တိုင်းတိုက်ခတ်တဲ့အခါမှာ တစ်ကျွန်းလုံးအကုန်ကုန်ပြီးတော့ ဘုန်းကြီး ကျောင်းတွေရော၊ ဘုန်းကြီးပါပျံလွန်တော်မူသွားပြီးတော့ အားလုံးကုန်သွားရတဲ့နေရာပါ။ အဲဒီနေရာ သည် ကျွန်မတို့ ဒေသခံတောင်သူများက ရေလုပ်ငန်းနှင့် အသက်မွေးပြီးတော့ လုပ်ကိုင်စားသောက် ပြီးနေထိုင်ကြရတဲ့နေရာလည်းဖြစ်ပါတယ်။ မုန်တိုင်းဒဏ် တကယ်လို့များ လေပြင်းတွေတိုက်ခတ်လာ တယ်ဆိုရင် အဲဒီကျွန်းလေးမှာသွားပြီးတော့ ငပုတောမြို့နယ်မှာကော၊ လပွတ္တာမြို့နယ်အတွင်းမှာရှိတဲ့ ရေလုပ်သားများဟာ ဒီကျွန်းမှာ သွားရောက်ခိုလှုံပြီးတော့မှ လေမုန်တိုင်းဒဏ်ကို ကျွန်မတို့ ကာကွယ်ခဲ့ ရပါတယ်။ ဒါပေမယ့် ကျွန်မတို့ ဒီ (၁၁)ကြိမ်မြောက်ပြီးတဲ့အချိန်မှာ ကျော်လွှမ်းမိုးကုမ္ပဏီကနေပြီး

တော့မှ ဒီကျွန်းကြီးပေါ်မှာ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ဒေသခံပြည်သူတွေနဲ့ သူတို့တိုင်ပင်တဲ့အခါမှာ ဒေသခံပြည်သူက သူတို့ကို ဧက ၇ဝ ပေးပါတယ်။ ဒီခုံကြီးကလည်း ရေကျသွားတဲ့အခါမှာ ဧက ၄ဝဝ လောက်ရှိတဲ့ ခုံကြီးဖြစ်ပါတယ်။ ဒါပေမယ့်လို့ ကျွန်မတို့ ငပုတောမြို့ပေါ်မှ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ဖို့အတွက် အလှူငွေပေးတဲ့အချိန်မှာ ဒေသခံပြည်သူက သူတို့ကိုပေးထားတာ ဧက ၇ဝ၊ သူတို့က တစ်ကျွန်းလုံးကို ယူမယ်ဆိုတော့ တစ်ဦးနဲ့တစ်ဦး အဆင်မပြေဖြစ်ပြီးတော့ ကျွန်မတို့ အလှူငွေပေးအပ်ပွဲလည်း ပျက်စီးခဲ့ရပါတယ်။ ဒါပေမယ့်လို့ ကျွန်မ (၁၂)ကြိမ်မြောက် လွှတ်တော် ပုံမှန်အစည်းအဝေးမတိုင်းခင်မှာ ကျော်လွှမ်းမိုးကုမ္ပဏီမှ အဲဒီကျွန်းကြီးပေါ်မှာ တဲတွေလည်းဆောက်ထားတယ်။ ဒေသခံ ပြည်သူတွေက ဝင်ရောက်လုပ်ကိုင်တဲ့နေရာမှာ ဒေသခံပြည်သူတွေက ဟန့်တားနှောင့်ယှက်တဲ့အတွက်ကြောင့် ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်မကို ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးဖို့ဆိုပြီးတော့ စာတင်လာတဲ့အတွက်ကြောင့် ကျွန်မဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်မသိလိုတာကတော့ ကျော်လွှမ်းမိုးကုမ္ပဏီနဲ့ ညီအစ်ကိုများကုမ္ပဏီကို လုပ်ကိုင်ခွင့်ချထားပေးထားခြင်းရှိ/မရှိ။ ရှိလို့ရှိလျှင် မည်သည့်နေ့ရက်က ခွင့်ပြုခဲ့သလဲ။ နောက်ကျော်လွှမ်းမိုးကုမ္ပဏီမှ ဒေသခံပြည်သူများအပေါ်မှာ ပြုမူဆောင်ရွက်နေမှုများအား သိရှိခြင်းရှိ/မရှိ။ အသက်ပေါင်းများစွာ၊ ပစ္စည်းဥစ္စာပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့ဒေသခံများအပါအဝင် ဆင်းရဲနွမ်းပါးတဲ့ ကျေးလက်နေပြည်သူများအား လုပ်ကိုင်စားသောက်ရန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိတို့အား ပြန်လည်ဖြေကြားပေးဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်၏ မေးခွန်းနှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း

ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဟိုင်းကြီးကျွန်းမြို့၊ သက္ကယ်သောင်ကျေးရွာအုပ်စုပိုင် ရေလည်ခုံ(သဲခုံကြီး)တွင် ကျော်လွှမ်းမိုးနှင့် ညီအစ်ကိုများကုမ္ပဏီမှ ငါး၊ ပုစွန်၊ ဂဏန်းမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ကျော်လွှမ်းမိုးနှင့်ညီအစ်ကိုများကုမ္ပဏီအား ဟိုင်းကြီးကျွန်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် လုပ်ငန်းလုပ်ကိုင်ချထားပေးခြင်း၊ ခွင့်ပြုပေးထားခြင်းမရှိပါ။ သက္ကယ်သောင်ကျေးရွာ အုပ်စုပိုင် ရေလည်ခုံကြီးသည် ငါးလုပ်ငန်းဦးစီးဌာနမှ တင်ဒါချက်အဖြစ် နှစ်စဉ်လုပ်ငန်းလိုင်စင်ချထားပေးပြီး ငါးလုပ်ငန်းကို လုပ်ကိုင်စေခဲ့ရာမှ ၂၀၁၁ ခုနှစ်မှစ၍ တင်ဒါ ချက်အား ဖျက်သိမ်းပြီး ဘုံငါးဖမ်းကွက်အဖြစ်လုပ်ကိုင်ခဲ့ပါသည်။ ရေလည်ခုံကြီးသည် အခြေချ နေထိုင်သူနည်းပါးပြီး ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်သော ရေလုပ်ငန်းလုပ်ကိုင်သူများသာရှိခြင်း ကြောင့် တင်ဒါဖျက်သိမ်းပြီးနောက်ပိုင်းမှ ယနေ့အချိန်အထိ ငါးလုပ်ငန်းဦးစီးဌာနမှ သွားရောက်၍ အခွန်အခကောက်ခံခြင်းများ မရှိတော့ပါ။ သက္ကယ်သောင်ကျေးရွာအုပ်စု ရေလည်ခုံကြီးတွင် လုပ်ကိုင် စားသောက်လျက်ရှိသော ရေလုပ်သားများမှ လုပ်ငန်းလိုအပ်ချက်များကို တင်ပြတောင်းခံလာပါက စိစစ်ပြီးလုပ်ငန်းအဆင်ပြေစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်သန်းမြင့်ကို မိုက်ပေးပါ။ ထပ်ဆင့်မေးခွန်းမေးမယ်။ တိုတိုလိုရင်းနဲ့ပဲ မေးဖို့ဖြစ်ပါတယ်။ ဖြေတဲ့သူကလည်း တိုတိုလိုရင်းပဲ ဖြေဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဒီငါးလုပ်ငန်းကသူတို့ကို ခွင့်ပြု ချက်မရှိဘူးလို့ဆိုပေမယ့် အခုအဲဒီကျွန်းပေါ်မှာ စိုးနိုင်ဖြိုးဆိုတဲ့ကုမ္ပဏီက တက်ရောက်ပြီးတော့ အဆောက်အဦတွေဆောက်ထားပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ ဘယ်လိုများဆောင်ရွက် ပေးမယ်ဆိုတာကို သိချင်ပါတယ်ရှင်။

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ကျွန်တော်ခုနက ဧရာဝတီ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေတဲ့အထဲမှာ ပါပြီးသားဖြစ်ပါတယ်။ ရေလည်ခုံကြီးမှာ စားသောက်လုပ်ကိုင်လျက်ရှိတဲ့ ရေလုပ်သားများမှ လုပ်ငန်းလိုအပ်ချက်ကို တင်ပြတောင်းခံလာလို့ရှိ ရင်စိစစ်ပြီးလုပ်ငန်းအဆင်ပြေရန် ဆောင်ရွက်သွားမည်ဆိုတာ ပါပြီးသားဖြစ်ပါတယ်။

**မူကြမ်း**

**ဝေါမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးနေရာသတ်မှတ်ထားသည့် ဈေးဝင်ပေါက်၊ ထွက်ပေါက်နေရာတွင် ဂရန်မြေကွက်ရယူခဲ့ခြင်းနှင့်ပတ်သက်၍ ဈေးလမ်းမြေကို မူလသတ်မှတ်ချက်အတိုင်း ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ရွှေ၊ ဝေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့ဝင်များနှင့် ဧည့်သည့်တော်အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်ရဲ့ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာက ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးနေရာသတ်မှတ်ထားတဲ့ ဈေးဝင် ပေါက်/ ထွက်ပေါက်နေရာမှာ ဂရန်မြေအကွက်ချပြီး ရယူခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဈေးလမ်းမြေကို မူလသတ်မှတ်ချက်အတိုင်း ဝင်ပေါက်/ ထွက်ပေါက်အဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် အရှေ့ဘက်ကမ်းကွင်းအမှတ်(IT-S) ဦးပိုင်အမှတ်(၂၂/ဌာန) ဧရိယာ ၃.၄၄ ဧက ရှိတဲ့ မြေနေရာကို ဈေးနေရာအဖြစ် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှာဆိုလို့ရှိရင် တိုင်းကနေပြီးတော့ လန(၃၉)မြေအဖြစ် အနှစ် ၃၀ မြေငှားဂရန် ၂၀၀၀ ခုနှစ်ကနေပြီးတော့ ၂၀၃၀ အထိရရှိခဲ့ပါတယ်။ ဒါပေမယ့် ဈေးသတ်မှတ်ထားတဲ့နေရာမှာ မူလ စီမံကိန်းရေးဆွဲထားတဲ့ ဈေးအဓိကဝင်ပေါက်/ထွက်ပေါက်ဖြစ်တဲ့ ရန်ကုန်-မော်လမြိုင်မော်တော်ကား လမ်းမကြီးရဲ့ဘေးမှာရှိတဲ့နေရာကို ၂၀၁၁ ခုနှစ်ရောက်မှ လွန်ခဲ့တဲ့ သုံးနှစ်ကမှ မြို့နယ်အုပ်ချုပ်ရေးမှူး အဟောင်းကနေပြီးတော့ မြေကွက်အမှတ်(၆)လို့သတ်မှတ်ပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်ညီအောင် နည်းပေါင်းစုံဆောင်ရွက်ပြီးတော့ သူ့ရဲ့ဇနီးအမည်နဲ့ ဂရန်ရအောင်ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။ အဲဒီလို အဖြစ်မျိုးမဖြစ်သင့်လို့ ယူဆပါသဖြင့် အဲဒီ ဂရန်မြေကိုရယူခဲ့တဲ့ ဈေးလမ်းမြေကို မူလသတ်မှတ်ချက် အတိုင်း ဝင်ပေါက်/ထွက်ပေါက်အဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ သတ်မှတ်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေရဲ့မေးခွန်းနှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်ရှိ ကွင်းအမှတ်(TL-8)၊ ဦးပိုင်အမှတ်(၂၂/ဌာန)၊ ဧရိယာ ၃.၃၄၀ ဧကရှိမြေနေရာအား ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေအဖြစ် ၁၀-၁-၂၀၀၀ ရက်နေ့မှ ၁၀-၁-၂၀၃၀ ရက်နေ့အထိ နှစ် (၃၀) မြေငှားဂရန် ရရှိခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဝေါမြို့နယ်၊ ဈေးအဓိက ဝင်ပေါက်/ ထွက်ပေါက်နေရာသည် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးဧရိယာတွင် ပါဝင်ခြင်းမရှိပါ။ အဆိုပါဈေးမြေနေရာအားပြန်လည်တိုင်းတာသတ်မှတ်ခြင်းနှင့် အဆင့်မီဈေးတည်ဆောက်ရန် မူလစီမံချက်ပါ ဧရိယာသတ်မှတ်ချက်၊ အဆင့်မီဈေးတည်ဆောက်ရာတွင် ပါဝင်မည့်လုပ်ငန်းများအတွက် အမှန်တကယ်လိုအပ်မည့် ဧရိယာသတ်မှတ်ချက်တို့ကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများဖြင့် အသေးစိတ်ပြန်လည်စိစစ်တွက်ချက်၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝေါမြို့နယ်၊ ဈေးဝင်ပေါက်/ထွက်ပေါက်နေရာအား ယခင်ဝေါမြို့နယ် အုပ်ချုပ်ရေးမှူး၏ ဇနီးအမည်ဖြင့် ရရှိထားသည့် အနှစ်(၃၀) နှစ်ရှည် မြေငှားဂရန်အမှုတွဲကို ပြန်လည်စိစစ်ပြီး ဈေးဧရိယာအဖြစ် မူလစီမံချက်တွင် ပါဝင်မှုရှိပါက ဂရန်အား ပြန်လည်ဖျက်သိမ်းရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**မြဝတီမြို့အတွင်း အဓိကရေနုတ်မြောင်းမကြီးများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးသန်းဦး၊ မြဝတီမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြဝတီနယ်စပ်မှာ သောင်ရင်းမြစ်ရေဟာ ၂၀၁၃ ခုနှစ်မှာ အမြင့်ဆုံးတက်ခဲ့ပြီးတော့ အဲဒီအချိန်ကရေကြီးခဲ့တဲ့ ကရင်ပြည်နယ် ခုနစ်မြို့နယ်အနက်မှ အဆိုးရွားဆုံးဖြစ်ခဲ့ပါတယ်။ လေ့လာတွေ့ရှိမှုအရ ၂၀၁၃ ခုနှစ်မှာ မြဝတီ၊ ၂၀၁၄ ခုနှစ်မှာတာချီလိတ်စတဲ့ နယ်စပ်မြို့များမှာ ရေကြီးရေလျှံမှုတွေဖြစ်ပြီးတော့ နယ်စပ်မျဉ်းအဖြစ်စီးဆင်းနေတဲ့မြစ်အပေါ်မှာ တဖက်နိုင်ငံက ဖိဖိစီးစီးဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ တစ်ဖက်နိုင်ငံကဲ့သို့မြစ်ကြောင်းပေါ်မှာ ထိန်းချုပ်ဆောင်ရွက်နိုင်မှုမရှိသေးမီ မိမိရဲ့မြေပေါ်မှာ ဆောင်ရွက်နိုင်တာကတော့ ရေနုတ်မြောင်းများကောင်းမွန်ရေးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ရေနုတ်မြောင်းများကို မြို့နယ်စည်ပင်ရဲ့ဘတ်ဂျက်၊ ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်နဲ့တော့ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်းကိုလည်း သိရှိထားပါတယ်။ သို့ဖြစ်ပါ၍ မြဝတီမြို့အတွင်းမှာရှိတဲ့ အဓိအရေနုတ်မြောင်းတွေကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်နှင့် မရှိပါက အဘယ်ကြောင့်ဖြစ်သည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး၏မေးခွန်းနှင့်ပတ်သက်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ မြဝတီမြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၅၀ တွင်ရှိပါတယ်။ မြို့အကျယ်အဝန်းဧရိယာ ၂စတုရန်းမိုင် ၁၂၈၆ ဧကရှိပါတယ်။ တစ်နှစ်ပတ်လုံး ပျှမ်းမျှမိုးရေချိန် ၇၆.၀၇ လက်မဖြစ်ပါတယ်။ မြို့၏မြေမျက်နှာသွင်ပြင်မှာ မြို့အနောက်ဘက်တွင် အမြင့်ပိုင်းဖြစ်ပြီး အရှေ့ဘက်နှင့် မြောက်ဘက်ပိုင်းမှာ အနိမ့်ပိုင်းဖြစ်ပါတယ်။ မြဝတီမြို့၏ မြို့အတွင်းအဓိက ရေနုတ်မြောင်းခြောက်ခု၊ တစ်ခုစီ၏အကျယ် လေးပေ၊ အနက် ခြောက်ပေ စုစုပေါင်းအလျား ၂၃၇၈၀ ပေ ၄.၅ မိုင်အား မြောင်းပုံစံကျ သတ်မှတ်အကျယ်နှင့်အနက်ရရှိစေရန် တူးဖော်ပေးရမည်ဖြစ်ပါတယ်။ မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ တွက်ချက်တင်ပြမှုအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ၇ နှစ်စာလုပ်ငန်းပမာဏမှာ ပလက်ဖောင်းလုပ်ငန်း ၂၀ ရာခိုင်နှုန်းအတွက် ၁၉၇.၀၄ သန်း၊ ပင်မရေနုတ်မြောင်းလုပ်ငန်း ၁၀ ရာခိုင်နှုန်းအတွက် ၉၈.၅၂ သန်းနှင့် အုတ်စီရေနုတ်မြောင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်းအတွက် ၆၈၉.၆၄ သန်း ဖြစ်ပြီးတော့ စုစုပေါင်း ၉၈၅.၂၀ သန်းဖြစ်ပါတယ်။

သို့ဖြစ်၍ မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်မည့် ပလက်ဖောင်းနှင့် ရေနုတ်မြောင်းများ ဆောင်ရွက်ပေးရန် ခန့်မှန်းလျာထားချက်စာရင်းချုပ်အား Power Point ဖြင့် တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဟားခါးမြို့ရှိ ပြည်တော်သာရပ်နေ ဦးဒေါ့ကျုံး၏ ဘိုးဘွားပိုင်မြေ ဧက ၄၀ အစား မြေကွက်ဧက ၂၀ ကို ပြန်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ကျွန်မကတော့ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ချင်းပြည်နယ်၊ ဟားခါးမြို့ရှိ ပြည်တော်သာရပ်နေ ဦးဒေါ့ကျုံးဘိုးဘွားမြေနှင့်ပတ်သက်ပြီးတော့ တစ်စုံတစ်ရာမျှဆောင်ရွက်ပေးခြင်း မရှိသေးပါ။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး နဝမပုံမှန်အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက လယ်ယာမြေသိမ်းဆည်းမှုကော်မရှင်နှင့် အစီရင်ခံစာကို (၃)ကြိမ်မြောက် လာ ရှင်းပြချိန်တွင် လယ်သမားများပိုင်ဆိုင်မှုသက်သေစာရွက်စာတမ်းနှင့် အသိသက်သေနှစ်ယောက်၊ သုံးယောက်ရှိပြီး ခိုင်လုံသောအထောက်အထားပြနိုင်ရင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမကုန်ခင်မှာ လယ်သမားများ၏လက်သို့ အကုန်အပ်နှံရမည်ဟု ကတိပေးခဲ့ပါတယ်။ ရှင်းလင်းချက်အပေါ် အနယ် နယ်အရပ်ရပ်မှ တောင်သူလယ်သမားများ ဝမ်းမြောက်အားရကြပြီး စောင့်မျှော်နေကြပါတယ်ရှင်။ သို့သော် ကျွန်မတို့ချင်းပြည်နယ်မှာ တစ်စုံတစ်ခုမျှ လယ်သမားများမရရှိသေးပါ။

ဥက္ကဋ္ဌကြီးရှင်။ ယခုကိစ္စနှင့်ပတ်သက်ပြီး ဦးဒေါ့ကျုံး၏ပိုင်နယ်မြေမဟုတ်သော တောင်ကြို တောင်ကြားတွင် သိုးခြံမြေဧက ၄၀ အစား (၁၀၀ x ၁၀၀) ပေပတ်လည် မြေကွက်တစ်ခု အစားထိုးပေး ရန်ခေါ်တွေ့သော်လည်း ပိုင်ရှင်ဦးဒေါ့ကျုံးက လက်မခံနိုင်ပါ။ သူ့မြေကွက်ရှိရဲ့သားနဲ့ အခြားနေရာ ပေးမယ်ဆိုတာလည်း အဓိပ္ပာယ်မရှိသောလုပ်ဆောင်ချက်ဖြစ်ပါတယ်။ နောက်ပြီး ဧက ၄၀ အစား တဝက်လောက်ဧက ၂၀ ပေးနိုင်မယ်ဆိုရင် သူလည်းခံနိုင်မည်ဖြစ်ကြောင်း ပြောခဲ့ပါတယ်။ သို့ဖြစ်ပါ သောကြောင့် ဦးဒေါ့ကျုံးမြေကွက် ၂၀ ကို ပြန်ပေးရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းရဲ့မေးခွန်းနှင့်ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၄) ဆုံးဖြတ်ချက်(၁၅) အရ ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးဒေါ်ကျုံး၏ ဘိုးဘွားပိုင်မြေဧက ၄၀ နေရာကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့မိမြို့ဖများမှ အများသုံးရေထိန်းဧရိယာအဖြစ် သတ်မှတ်ပြီးကြောင်း မြို့မြေအတွင်းရှိ သင့်တော်သောမြေနေရာတွင် ပေ(၁၀၀ x ၁၀၀)ပတ်လည်ရှိ မြေကွက်အား ပြန်လည်ချထားပေးရန် ဆုံးဖြတ်ထားပြီး ကာယကံရှင် ဦးဒေါ်ကျုံးအား ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၃-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၄/ ၆-၁၁(၄၂၃) / ဦး ၁ ဖြင့် အကြောင်းကြားခဲ့ပြီး ၁၃-၃-၂၀၁၄ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် တစ်ကြိမ်၊ ၂၈-၁၁-၂၀၁၄ ရက်နေ့တွင် ဒုတိယအကြိမ် ခေါ်ယူရှင်းလင်းခဲ့ရာ ကာယကံရှင် ဦးဒေါ်ကျုံးမှတင်ပြထားသော မြေ ၄၀ ဧကမှ ၁၅ ဧကခန့်ရရှိမှသာ ကျေနပ်မည်ဖြစ်ကြောင်းနှင့် ဟားခါးခရိုင်/ပြည်နယ်အုပ်ချုပ်ရေးမှူးမှ နစ်နာမှုအဖြစ် အစားထိုးပြန်လည်ပေးအပ်မည့် မြို့မြေဧရိယာအတွင်းရှိ ပြည်တော်သာ/ကျောဘုတ်/မြို့ဟောင်းရပ်ကွက်အတွင်း သင့်တော်သည့် နေရာတွင် ပေ(၁၀၀x၁၀၀)ပတ်လည်ရှိ မြေကွက်ချထားပေးသည်ကို လက်မခံနိုင်ကြောင်း ကာယကံရှင်မှ ဝန်ခံကတိပြုလက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။

အဆိုပါမြေနေရာအား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဟားခါးမြို့ပေါ်ရှိ မြို့မမြို့ဖတို့မှ ရေထိန်းဧရိယာအဖြစ် သတ်မှတ်ပြီးကြောင်းနှင့် ၁၀-၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဟားခါးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၁၅) ဆုံးဖြတ်ချက်အရ သင့်တော်သောမြေနေရာအစားထိုးပေးသည့်မြေကွက်အား ကာယကံရှင်ဦးဒေါ်ကျုံးမှ ငြင်းပယ်သဖြင့် ပြန်လည်ပေးအပ်ခြင်းမပြုနိုင်ကြောင်းကို မြို့နယ်နှင့်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတို့မှ အဆင့်ဆင့်တင်ပြလာသည့်

**မူကြမ်း**

အပေါ် ၂၇-၁-၂၀၁၅ ရက်နေ့တွင်ပြုလုပ်သော ချင်းပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၅)အရ ဦးဒေါ့ကျုံးအား ပြန်လည်အစားထိုးပေးအပ်ခြင်းမပြုတော့ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသဖြင့် ဦးဒေါ့ကျုံးမှ တောင်းခံထားသည့် မြေဧက ၄၀ အစား ဧက ၂၀ ကို ပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးချင်ပါတယ်။ အခုလို မြေယာသိမ်းမှုဥပဒေနဲ့ နိုင်ငံတော်သမ္မတကရော၊ ပြည်ထဲရေးကရော အများကြီး ပြည်ထောင်စုလွှတ်တော်ဘက်မှာလည်း အများကြီးပြောထားတာရှိပါတယ်။ ဒါပေမယ့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များက အာဏာရှင်နဲ့လုပ်တဲ့အခါမှာ တကယ် သက်သေအထောက်အထားရှိရဲ့သားနဲ့၊ တောင်သူလယ်သမားများက သူတို့ပိုင်ဆိုင်မှုရှိရဲ့သားနဲ့ မပေးဘူးဆိုတာလည်း ကျွန်မတို့စဉ်းစားစရာကောင်းပါတယ်။ ပြည်သူလူထုအခွင့်အရေးကို မဆုံးရှုံးစေရန် ပြည်သူ့လွှတ်တော်ကလည်း စဉ်းစားပေးသင့်တယ်လို့ ကျွန်မယူဆပါတယ်။ အခုန ဦးဒေါ့ကျုံးကလည်း စာရွက်စာတမ်းအပြည့်အစုံရှိပါတယ်။ ပြီးတော့ သူ့မြေကွက်လည်း အခုအချိန်ထိရှိပါသေးတယ်။ အဲဒီမြေကွက်ကို အကွက်အကွက်ချပြီးမှ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ရောင်းပြီးမှ သူတို့ဘယ်လိုလုပ်လဲဆိုတာတော့ ကျွန်မတို့မသိပါဘူး။ အဲဒီလိုမျိုးပေါ့နော်။ အာဏာရှင်နဲ့သွားမယ်ဆိုလို့ရှိရင် သမ္မတကလည်း ပြည်နယ်ဝန်ကြီးချုပ်တွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တွေကို ကောင်းကောင်းကြပ်မတ်မှပဲ ကျွန်မတို့ပြည်သူလူထု ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်းဖြစ်မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောက်ဆက်စပ်မေးခွန်းများဟာ သက်ဆိုင်တဲ့မေးခွန်းပဲဖြစ်ရပါမယ်။ ဒါ အားလုံး လွှတ်တော်ကိုယ်စားလှယ်များ သတိပြုဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**ချောင်းဆုံမြို့နယ်ရှိ ကညော့်-ကတောင်စိန်လမ်းအား ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ သစ်သား ချောင်းကူးတံတား (၆)စင်းအား သံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း ပြုပြင်ပေးရန်၊ စိန်မြတောင် တောင်ကုန်အား တောင်ဖြတ်လမ်းဖောက်လုပ်ပြီး ကားလမ်း၊ လူသွားလမ်းပြုလုပ်ပေးရန်နှင့် ကျေးရွာ ချင်းဆက်လမ်းများဖြစ်သော မူးရစ်ကလေးမှ ဆယ်ပလာ၊ ရွာလွတ်မှ ကွမ်ရိုက်၊ ဖံဖမှ မူးရစ်ကလေး ကော့မုပွန်မှ မုဒွန်း၊ ခရိုက်ဒူးမှ ဇီးကုန်း၊ ကရင်ဝင်းစိန်မှ တော်ပွန်မြေသားလမ်းတို့အား ကတ္တရာလမ်း အဖြစ် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှမောင်၊ ချောင်းဆုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်ရှိ ပြုပြင်ရန်လိုအပ်နေ တဲ့လမ်းများအား ပြုပြင်နိုင်ရေးအတွက် ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မော်လမြိုင်မှ ချောင်းဆုံသို့ ဆက်သွယ်မည့်မြစ်ကူးတံတားကို နိုင်ငံတော်မှ တည်ဆောက်လျက်ရှိရာ ချောင်းဆုံဘက်ကမ်းတွင် ကညော့်ကျေးရွာဆိပ်ကမ်းစပ်အား ချင်းကပ်နေရာအဖြစ် သတ်မှတ်ထားခဲ့ပါသည်။ ၎င်း ကညော့်-ချင်းကပ်လမ်းသည် ချောင်းဆုံမြို့နယ်၏ အဓိကကျသော ကျွန်းပတ်ကတ္တရာလမ်းမကြီးနှင့် ၃ မိုင်ခန့်ကွာဝေးပြီး ကညော့်-ကတောင်စိန် ရွာချင်း ဆက်လမ်းနှင့် ဆက်သွယ်ထားပါသည်။ ၎င်းလမ်းသည် ကျေးလက်မြေသားလမ်းအဆင့်မျှသာရှိပြီး ဆွေးမြေ့နေသော သစ်သားချောင်းကူးတံတား (၆)စင်းရှိပါကြောင်း တင်ပြအပ်ပါသည်။ မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် အခြားကိစ္စရပ်များတို့၏ သယ်ယူပို့ဆောင်ရေးကိစ္စအတွက် အဆိုပါ ကညော့်-ကတောင်စိန်လမ်းကိုသာ မဖြစ်မနေ အသုံးပြုရမည့် တစ်ခုတည်းသောလမ်းဖြစ်ပါသဖြင့် ၎င်းလမ်းအား ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ သစ်သားချောင်းကူးတံတား(၆)စင်းအား သံကူ ကွန်ကရစ်တံတားအဖြစ်လည်းကောင်း ပြုပြင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာ သို့မေးမြန်းအပ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ်ရှိ ကတောင်စိန် နှင့် ရွာလွတ်ကျေးရွာတို့သည် အရှေ့နှင့်အနောက် တည်ရှိနေကြပြီး တစ်မိုင်ခန့်သာကွာလှမ်းပါသော်

လည်း စိန်မြတောင်ဆိုသော တောင်ကုန်က အလယ်တွင်ခြားနားထားပါသဖြင့် ကတောင်စိန်မှ ရွာလွတ်သို့သွားလိုပါက အဆိုပါတောင်ကုန်းကို ဖြတ်ကျော်ရန် လမ်းမရှိပါ၍ ကျေးရွာ လေးရွာတို့၏ ရွာချင်းဆက်ထားသည့် ၄ မိုင်ကျော်ခန့်ဝေးသော လမ်းခရီးကို ဂငယ်ကွေ့ ကွေ့ပတ်ပြီး သွားရောက်ရမည်ဖြစ်ပါသည်။ ကတောင်စိန်မှ ရွာလွတ်သို့ ခရီးကို အချိန်တို၊ ခရီးတိုအတွင်း သွားလာနိုင်ရေးအတွက် စိန်မြတောင် တောင်ကုန်းအား တောင်ဖြတ်လမ်းဖောက်လုပ်ပြီး ကားလမ်း၊ လူသွားလမ်းအဖြစ်ပြုလုပ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်တွင် ကျေးရွာပေါင်း ၇၈ ရွာရှိပြီး ရွာချင်းဆက်လမ်းလည်း များစွာရှိပါသည်။ အဆိုပါလမ်းများအနက် အောက်ဖော်ပြပါရွာချင်းဆက် ရထားလမ်းခြောက်လမ်းတို့အား ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်။ (၁) မူရစ်ကလေး-ဆယ်ပလာ၊ (၂) ရွာလွတ်-ကွမ်ရိုက်၊ (၃) ဖံဖ-မူးရစ်ကလေး၊ (၄) ကော့မုပွန်-မုဒွန်း၊ (၅) ခရိုက်ဒူး-ဇီးကုန်း၊ (၆) ကရင်ဝင်းစိန်-တော်ပွန်ၒင်းလမ်းများအား မြေသားလမ်းမှ ကတ္တရာလမ်းသို့ ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**
။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေမှ ဤမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် ကညော်-ကတောင်စိန်လမ်းဟာ စုစုပေါင်း ၁ မိုင် ၄ ဖာလုံ ရှိပါတယ်။ အဆိုပါလမ်းပေါ်မှာရှိတဲ့ တံတားကတော့ ၅ စင်း ရှိပါတယ်။ ရွာလွတ်ကနေပြီး ကတောင်စိန်ကို ၃ မိုင် ၄ ဖာလုံရှိပါတယ်။ မူးရစ်ကလေး-ဆယ်ပလာလမ်း ၂ မိုင် ၂ ဖာလုံရှိပါတယ်။ ကော့မုပွန်- မုဒွန်းလမ်းက ၄ မိုင် ၃ ဖာလုံရှိပါတယ်။ ရွာလွတ်-ကွမ်ရိုက်လမ်း ၂ မိုင်ရှိပါတယ်။ ဖံဖ-မူရစ်ကလေးလမ်း ၁ မိုင် ၆ ဖာလုံ ရှိပါတယ်။

ခရိုက်ဒူး-ဇီးကုန်းလမ်းက ၃ မိုင်နှင့် ကရင်ဝင်းစိန်-တော်ပွန်လမ်းက ၃ မိုင် စုစုပေါင်း လမ်းရှစ်လမ်းရှိပြီးတော့ မိုင်အားဖြင့် ၂၁ မိုင်နှင့် ၃ ဖာလုံ ရှိပါတယ်။ အဲဒီလမ်းမှာ ကတ္တရာခင်းလို့ရှိရင် စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ၂၂၇၀.၀၂၅ သန်းလောက် ကုန်ပါမယ်ခင်ဗျား။ အဲဒါနဲ့ပတ်သက်ပြီးတော့ မွန်ပြည်နယ်မှာတော့ ယခုနှစ် ၂၀၁၅-၂၀၁၆ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေ လမ်းတံတား အတွက် ၃.၆၁၂ ဘီလီယံ ခွင့်ပြုထားပါတယ်။ ကျွန်တော်တို့ ဒီ ချောင်းဆုံမြို့နယ်အနေနဲ့ ပြန်ကြည့်ရင်တော့ ၂၀၁၅-၂၀၁၆ ယခုနှစ်မှာတော့ ၅၇၅.၇၅ သန်းဖြင့် ခွင့်ပြုထားပါတယ်။

သို့သော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ချောင်းဆုံမြို့နယ် လမ်းအနက်က ကညော်-ကတောင်စိန်လမ်း ကျောက်ချောလမ်း ၁ မိုင်၊ မူးရစ်ကလေး-ဆယ်ပလာလမ်း ကျောက်ချောလမ်း ၁ မိုင်နှင့် ကော့မုပွန်- မုဒွန်း ကျောက်ချောလမ်း ၂ မိုင် ၃ ဖာလုံကို ယခု ဘတ်ဂျက်ဖြစ်တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း တင်ဒါများ ခေါ်ယူပြီးတော့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျန်တဲ့လုပ်ငန်းများကိုတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအစီအစဉ်အတိုင်း ဆက်လက်ပြီးတော့ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ရန်ကုန်-ပြည်လမ်းမှ မကျီးပင်ရွာ၊ ဖြန့်ကြီးရွာ၊ သရက်ကုန်းရွာ၊ ကျွန်းခီရွာ၊ လူအိုစုရွာ ကင်ပွန်းခြံ (အရှေ့)၊ ကင်ပွန်းခြံ(အနောက်)၊ လက်ပံရေကျော်ရွာ၊ ရှမ်းကုန်းရွာသို့ ဆက်သွယ်ထားသော အရှည် (၄.၅)မိုင်ရှိလမ်းအား ဂဝံလမ်းခင်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ရန်ကုန်-ပြည်လမ်းမှ မကျီးပင်-ဖြန့်ကြီး၊ သရက်ကုန်း-ကင်ပွန်းခြံ-အိုးသည်ကုန်းပတ်လမ်း မြေသားလမ်း (၄.၅)မိုင်အား ဂဝံလမ်းခင်းပေးနိုင်ခြင်းနှင့်ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ အုတ်ဖိုမြို့နယ်အတွင်းမှာရှိတဲ့ အဆိုပါလမ်းမ

ကြီးဟာ ဆက်သွယ်အသုံးပြုလျက်ရှိတဲ့ ကျေးရွာများဖြစ်ကြတဲ့ အုတ်ချစ်ကုန်းကျေးရွာ၊ မကျီးပင်ရွာ၊ ပြန့်ကြီးရွာ၊ သရက်ကုန်းရွာ၊ ကျွန်းခီရွာ၊ လူအိုစုရွာ၊ ကင်ပွန်းခြုံရွာ၊ ကင်ပွန်းခြုံ(အရှေ့)၊ ကင်ပွန်းခြုံ (အနောက်)နှင့် လက်ပံရေကျော်ရွာ၊ ရှမ်းကုန်းရွာ စတဲ့ ၁၁ ရွာတို့မှာ လူဦးရေ ကျွန်တော်တို့ ၄၅၀၀ ကျော်စုစည်းနေထိုင်လျက်ရှိတဲ့ ပြည်သူတွေဟာ အဲဒီလမ်းမကြီးကို အကျိုးရှိစွာ အသုံးပြုလျက်ရှိကြပါ တယ်။ အဲဒီလမ်းမကြီးဟာ အရှည်(၄.၅)မိုင်ရှည်လျားပြီး ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ မိမိအစီအစဉ်ဖြင့် ပြုပြင်အသုံးပြုနေရတဲ့လမ်းမကြီးဖြစ်တဲ့အတွက် အဆင့်မြှင့်တင်ပေးနိုင်မည်ဆိုပါက သွားလာရေးပိုမိုအဆင်ပြေပြီး ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရောင်းဝယ်နိုင်ကြမှာဖြစ်ပါ၍ လူမှု စီးပွားဘဝပိုမိုတိုးတက်လာမှာဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးရွာချင်းဆက် မြို့ကိုတက်ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ လမ်းများကို အဆင့်မြှင့်တင် ပေးနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ရန်ကုန်- ပြည်လမ်းမှ မကျီးပင်ရွာ၊ ပြန့်ကြီးရွာ၊ သရက်ကုန်းရွာ၊ ကင်ပွန်းခြုံ(အရှေ့)၊ ကင်ပွန်းခြုံ(အနောက်)၊ လက်ပံရေကျော်ရွာ၊ ရှမ်းကုန်းရွာသို့ ဆက်သွယ်ထားသောအရှည် (၄.၅)မိုင်ရှိ လမ်းအား ဂဝံလမ်းခင်း ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါ၍ ပြည်သူတို့ရဲ့လိုအပ်ချက်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေး၏မေးမြန်းချက်ကို ကျွန်တော်တို့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ရန်ကုန်-ပြည်လမ်းမှ မကျီးပင်-ပြန့်ကြီး-သရက်ကုန်း-ကင်းပွန်းခြုံ- အိုးသည်ကုန်းပတ်လမ်းသည် အရှည်အားဖြင့် ၄ မိုင် ၅ ဖာလုံရှိပါတယ်။ ယခင်က ဂဝံလမ်းအပျက်ဖြစ် ပါတယ်။ အဆိုပါလမ်းကို ဂဝံလမ်းပြန်လည်ပြုပြင်ခင်းမယ်ဆိုလို့ရှိရင် ခန့်မှန်း ကုန်ကျငွေမှာ ကျပ်

၁၅၁.၂၄ သန်းလောက်ကုန်ကျမှာဖြစ်ပါတယ်။ပဲခူးတိုင်းချုပ်အနေနဲ့ ပဲခူးတိုင်းဒေသကြီးအတွက် ခွင့်ပြုထားတဲ့ ယခုနှစ် ၂၀၁၅-၂၀၁၆ လမ်းတံတားအတွက် ဘဏ္ဍာရန်ပုံငွေဟာ ကျပ် ၅.၄၉၃ ဘီလီယံ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဒီအုတ်ဖိုမြို့နယ်ချုပ်အနေနဲ့ ယခုနှစ်ခွင့်ပြုထားတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရန်ပုံငွေဟာ ၃၆.၄၅ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်းမှာရှိတဲ့ ရန်ကုန်-ပြည်လမ်းမှ မကျီးပင်-ပြန့်ကြီး-သရက်ကုန်း-ကင်းပွန်းခြံ-အိုးသည်ကုန်းပတ်လမ်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေနဲ့ ယခုနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မှာရန်ပုံငွေတွင် လျာထားထားခြင်းမရှိပါကြောင်းနှင့် လာမယ့်နှစ်များမှာ ဦးစားပေးအလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ကြက်တူရွေးသောင်ကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာနှင့် ခရိုင်ချင်းဆက်လမ်းဘေးရှိ အင်းကွဲကျေးရွာ ရွာချင်းဆက်လမ်း၏ ရေနစ်မြုပ်သော လမ်းတံတားများအား ရေလွတ်ကျောက်ခင်းလမ်းချော့ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း (သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ပြည့်ဝကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမြို့နယ်မှာရှိတဲ့ ကျေးရွာအုပ်စုတစ်ခုဖြစ်သော ကြက်တူရွေးသောင်ကျေးရွာအုပ်စုမှာပါဝင်သော ရှမ်းစုကျေးရွာလေးဟာ ခရိုင်ချင်းဆက်လမ်းမကြီးနဲ့ သုံးမိုင်ကျော်ကွာဝေးပါတယ်။ ၎င်းကျေးရွာအနီးမှာဆိုလို့ရှိရင် အ.လ.က(ခွဲ)ကျောင်းသာရှိပါတယ်။ အထက်တန်းအဆင့်သို့ ရောက်လာတဲ့အခါမှာဆိုရင် ညောင်ကျောင်းကျေးရွာ အ.ထ.က(ခွဲ)ကို သွားရောက်သင်ကြားရပါတယ်။ ထိုသို့သွားရောက်တဲ့အခါမှာဆိုရင် ခြောက်မိုင်ခန့် ခရီးကကွာဝေးပါတယ်။ ပွင့်လင်းရာသီမှာ သွားရောက်ရလွယ်ကူသော်လည်း မိုးရာသီရောက်တဲ့အခါမှာ လမ်းများရေလွှမ်းမှု

ဒဏ်ခံနေရမှုရှိနေတဲ့အတွက် ကျောင်းသားများအတွက် အန္တရာယ်များနဲ့ ကြုံတွေ့နေရပါတယ်။ ဒီအပြင် ကျန်းမာရေးအတွက်လည်း ကြုံတွေ့ရသည့်အခါ အချိန်မီဆေးရုံသို့မပို့နိုင်၍ အသက်ဆုံးရှုံးမှုများနှင့်လည်း တွေ့ဆုံခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းကို သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ ကြက်တူရွေးသောင်ကျေးရွာအုပ်စုရှိတဲ့ ရှမ်းစုကျေးရွာနှင့် ခရိုင်ချင်းဆက်လမ်းဘေးရှိ အင်းကွဲကျေးရွာ ရွာချင်းဆက်လမ်းအား ကျေးလက်နေပြည်သူများ၏ ဘဝကို ကူညီသောအားဖြင့် ရေနစ်မြုပ်သောလမ်းတံတားများအား ရေလွတ်ကျောက်ခင်းလမ်းချော ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ရှမ်းစုကျေးရွာနှင့် ခရိုင်ချင်းဆက် လမ်းပေါ်မှာရှိတဲ့ အင်းကွဲကျေးရွာသို့ ဆက်သွယ်ထားသောလမ်းဟာ အရှည်အားဖြင့် သုံးမိုင်ရှိပါတယ်။ အဆိုပါလမ်းဟာ နှစ်စဉ် မိုးရာသီမှာ ရေလွှမ်းခံရပါတယ်။ ဒါ့ကြောင့်မို့ အမြင့်ပေ ငါးပေလောက် မြေသားတာဘောင်တင်ဖို့ လိုအပ်ပါတယ်။ ခန့်မှန်းကုန်ကျငွေ သန်း ၁၂၀ လောက်ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ အဆိုပါလမ်းပေါ်မှာရှိ တံတား တစ်စင်း ၄၅ ပေအရှည်ကိုလည်း မနှစ်က ဘဏ္ဍာရေးနှစ် ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုရန်ပုံငွေ ၂၂.၅၀ သန်းဖြင့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မွန်ပြည်နယ်ချုပ်အနေနဲ့ တင်ပြရရင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ ၃.၆၁၂ ဘီလီယံကျပ် ခွင့်ပြုခဲ့ပါတယ်။ သထုံမြို့နယ်ချုပ်အနေနဲ့ တင်ပြရရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေကျပ် ၅၀၄.၈ သန်း ကျွန်တော်တို့ ခုနစ်ပုံတစ်ပုံခန့် ခွင့်ပြုထားတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တို့

ဒီပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြလာတဲ့ သထုံမြို့နယ်အတွင်း ရှမ်းစုကျေးရွာနဲ့ ခရိုင်ချင်း ဆက်လမ်းပေါ်မှာရှိတဲ့ အင်းကွဲကျေးရွာတို့ ဆက်သွယ်ထားတဲ့လမ်းကို ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာ ထားခြင်းမရှိပါကြောင်းနဲ့ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေ ကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်ပုဂ္ဂိုလ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို တင်သွင်းရတဲ့ အကြောင်းအရင်းကတော့ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်း ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏သဘောထားနှင့်အညီ ပြင်ဆင်သည့်ဥပဒေကြမ်းများ တင်သွင်းပေးရန်ပြည်ထောင်စုလွှတ်တော် မှ ၂၆-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး)၉/၂၀၁၅-၂၉ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ အကြောင်းကြားလာတဲ့အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေမှာ ပါရှိတဲ့ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တို့မှာ ယာယီသက်သေခံလက်မှတ်

ကိုင်ဆောင်ထားသူများဆိုတဲ့စကားရပ်များကို ပယ်ဖျက်ပြီး ဥပဒေကြမ်းများကိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ယခုတင်သွင်းခဲ့တဲ့ဥပဒေကြမ်းကို လွှတ်တော်မှဆွေးနွေးဆုံးဖြတ်အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်စာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့် အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၁၂-၅-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၂-၅-၂၀၁၅ ရက်နေ့တွင် အစည်းအဝေး ကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၏ အပိုဒ် ၆ အပိုဒ်ခွဲ (က)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ၁၅ အပိုဒ်ခွဲ(က)တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်ပါသဖြင့် အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ပြင်ဆင်ချက်အဆို တင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိ ကျကျဖော်ပြ၍ ၂၁-၅-၂၀၁၅ ရက်(ကြာသပတေးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မှူကြမ်း**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း လွှတ်တော်သို့တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို တင်သွင်းရတဲ့အကြောင်းအရင်းကလည်း ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားနှင့်အညီ ပြင်ဆင်သည့်ဥပဒေကြမ်းများ တင်သွင်းပေးပါရန် ပြည်ထောင်စုလွှတ်တော်မှ ၂၆-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး)၉/၂၀၁၅-၂၉ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားလာခဲ့ပါတယ်။ ဒီအကြောင်းကြားချက်နှင့်အညီ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေမှာပါရှိတဲ့ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၄ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တို့မှာပါရှိတဲ့ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများဆိုတဲ့စကားရပ်များကိုပယ်ဖျက်ပြီး ဥပဒေကြမ်းများတင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုတင်သွင်းခဲ့တဲ့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်စာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆို မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မူကြမ်း**

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၂-၅-၂၀၁၅ ရက်နေ့တွင် အစည်းအဝေး ကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ၁၅ အပိုဒ်ခွဲ(က)တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ထား ခြင်းဖြစ်ပါသဖြင့် အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကသဘောတူခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါ သည်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၁-၅-၂၀၁၅ (ကြာသပတေးနေ့)နောက်ဆုံးထားပြီး အမည် စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဥပဒေကြမ်းတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို တင်သွင်းရတဲ့အကြောင်းအရင်းကလည်း ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ သဘောထားနှင့်အညီ ပြင်ဆင်တဲ့ဥပဒေကြမ်းများ တင်သွင်းပေးပါရန် ပြည်ထောင်စုလွှတ်တော်က ၂၆-၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စ၀)၉/၂၀၁၅-၂၉ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားလာပါတယ်။ ဒီအကြောင်းကြားချက်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေမှာပါရှိတဲ့ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)နဲ့ ပုဒ်မ ၁၅ ပုဒ်မခွဲ(က) တို့မှာပါရှိတဲ့ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူ များဆိုတဲ့စကားရပ်များကိုပယ်ဖျက်ပြီး ဥပဒေကြမ်းများ တင်သွင်းရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ယခု တင်သွင်းခဲ့တဲ့ ဥပဒေကြမ်းအား လွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**မူကြမ်း**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနု ဖြစ်ပါ တယ်ရှင်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်ရှင်။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၁-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စ၀)၁၀/၂၀၁၅-၁၈၇ ဖြင့် ပေးပို့လာပါသည်။

၂။ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၂-၅-၂၀၁၅ ရက်နေ့တွင် အစည်းအဝေးကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ၏ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ၁၅ အပိုဒ်ခွဲ(က)တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်ပါသဖြင့် အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်ရှင်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၁-၅-၂၀၁၅(ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်း (၄၇) ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**